# နိုကိုရဲ့

## မုန့်လုံးရေပေါ်



# အခန်း (၁)

"မုန့်လုံးရေပေါ်ပဲ မေမေရာ ..."

"အိမ်တက်နဲ့ ရောလုပ်မှာ ဆိုတော့ ဆွမ်းပဲကျွေးမယ်သား"

"မရဘူး မုန့်လုံးရေပေါ်ပဲ"

"ဆွမ်းကျွေးပဲ"

"သားက မုန့်လုံးရေပေါ်ပဲ"

ဧည့်ခန်းထဲမှာ အမေနှင့်သား ဘေးချင်းကပ်ထိုင်ရင်း သကြ်န်တွင်း အလှူလုပ်ရေးစစ်ပွဲအသေးစားကလေးကို ဦးမြတ်ဇင် ကြည်နူးစွာ ကြည့်နေမိသည် ။ အမေလုပ်သူကလည်း "ဇွတ်"သမား သူလုပ်ချင်တာကို လုပ်လိုက်ရမှာ ကျေနပ်သူ။ ထိုအမေနှင့် ဗီဇတူသော တစ်ဦးတည်းသော သား ကျော်ဇင်ဆိုသည့် ငတိကလည်း သူ့အမေလိုပင် သူလုပ်ချင်တာကို အလျှော့မပေးတတ်။

"အမေတို့ ဒီအိမ်ကို ပြောင်းလာတာ လေးနှစ်တောင်ရှိနေပြီ သား၊ အမေ့ကျန်းမာရေးက မကောင်းလိုက်၊ မင်းအဖေက နယ်ကိုထွက်လိုက်ရနဲ့ မလုပ်ရတာ။ ဗုဒ္ဓဘာသာလူမျိုးဆိုတာ အိုးအိမ်ပြောင်းရင် အိမ်တက်ဆိုတာ လုပ်ကိုလုပ်ရမှာ သားရဲ့ ..."

"ဆွမ်းမကျွေးရဘူးလို့ အမေ့ကို သားက ပြောနေတာမှ မဟုတ်တာ၊

သားရဲ့ မုန့်လုံးရေပေါ်ကိုပဲ ကျွေးပါလို့ ပြောနေတာ ..."

သားအမိနှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် မကြည့်ကြတော့ဘဲ ပြောနေကြသည့် အချိန်မျိုးရောက်နေပြီမို့ ဦးမြတ်ဇင်က ဝင်ပြီးညှိနှိုင်းပေးမှ တော်တော့မည်ဟု ဦးမြတ်ဇင် ကိုယ့်ကိုယ်ကိုယ် တာဝန်ပေးလိုက်၏။

"ကဲ ... အခုဖြစ်ကြတဲ့ ကိစ္စက မေကြီးရော၊ သားကြီးရော မှန်နေတယ်။ နှစ်ဘက်စလုံးက ကိုယ့်ကောက်ချက်နဲ့ ကိုယ် မှန်နေတော့ အလျှော့ပေးလို့ မရဘူးဖြစ်နေတာပေ့ါ။ ဒီတော့ ဖေဖေတို့ မျှပြီး စဉ်းစားကြရအောင်လား"

ဇနီးဖြစ်သူရော သားဖြစ်သူကပါ သူ့စကားကို စိတ်ဝင်စားမှန်းသိတော့မှ ဦးမြတ်ဇင် စကားကိုဆက်သည် ။

"တစ်နှစ် တစ်ကြိမ် အိမ်မှာ ဆွမ်းကလေးကျွေးလိုက်ရမှာ စိတ်ကျေနပ်တတ်တဲ့ အမေကြီးကလည်း ဆွမ်းမကျွေးရတာ လေးနှစ်တောင်ရှိပြီဆိုတော့ ဆွမ်းကျွေးကိုကျွေးရမယ်။ ဒါမှ အိမ်နီးချင်းတွေရော၊ ရပ်ကွက်လူကြီးတွေရောနဲ့ ရင်းနှီးမှုရမှာ ။ ဒါပေမဲ့ သင်္ကြန်ရက်ကြီးထဲမှာ အိမ်တက်လုပ်တော့ ဆွမ်းကျွေးလာကြတဲ့ သူတွေ ရေစိုကြီးတွေနဲ့ ဖြစ်မကုန်ဘူးလား ..."

ဦးမြတ်ဇင်စကားကြောင့် ဒေါ်မြသင် တစ်ချက် "တွေ"ခနဲ ဖြစ်သွားလေသည် ။

"သားကလည်း ကိုယ်တစ်သက်လုံးနေသွားရမယ့် လမ်းထဲကသိထားတဲ့ မိတ်ဆွေသူငယ်ချင်းတွေနဲ့ ပိုရင်းနှီးအောင် တစ်ခုခု စုပေါင်းလုပ်သင့်တာ အမှန်ပဲ။ အလုပ်တစ်ခုကို အတူတူလုပ်ကြတော့မှ တစ်ယောက်အကြောင်းတစ်ယောက် ပိုသိကြတာသားရဲ့ ။ ဒီတော့ သားက ဒီနှစ်

သင်္ကြန်မှာ မုန့်လုံးရေပေါ်ကျွေး၊ နှစ်ဆန်းတစ်ရက်နေ့ကျတော့ အမေကြီးက အိမ်တက်ဆွမ်းကို ကျွေး ဟုတ်ပြီလား"

"ဖေဖေ သားက မုန့်လုံးရေပေါ်ကို ဒီမှာ ကျွေးမှာ မဟုတ်ဘူး ၊ သားတို့ ရေကစားမဏ္ဍပ်မှာ ကျွေးမှာ ။ ဒါမှ လူတွေက ရှိန်မနေဘဲ လာရဲမှာ၊ အိမ်မှာ ဆို တချို့က ရှိန်ပြီး လာရဲမှာ မဟုတ်လို့ "

"အမလေး ကျေးဇူးတင်ပါတယ်၊ အိမ်မှာ ကျွေးရင် ဝင်လုပ်နေရဦးမယ်။ ဒါပေမဲ့ ပြောစရာတစ်ခုတော့ ရှိတယ်နော်၊ နှစ်ဆန်းတစ်ရက်နေ့ ကျွေးတဲ့ ဆွမ်းကျွေးကိုတော့ ကျွန်မခြေကျွန်မလက်နဲ့ ပဲ ပြီးရမယ်"

"ကောင်းပါပြီဗျာ ... ကောင်းပါပြီ၊ အဲဒီနေ့က ဒေါ်မြသင်ရဲ့ ခြေရာလက်ရာ စစ်စစ်ကို ဖြစ်စေရပ့ါမယ်"

"ဒါဆို သား မုန့်လုံးရေပေါ် ကျွေးခွင့်ရပြီနော် ..."

"ဒါပေ့ါ သားရဲ့ ..."

"ဥူ ဖေဖေ ၊ သား ဟိုကောင်တွေကို သွားအသိပေးလိုက်ဦးမယ်။ သူတို့ သိရင် ဝမ်းသာမှာ ပြီးတော့ မဏ္ဍပ်ဆောက်ဖို့ ကိစ္စကိုလည်း တိုင်ပင်ရဦးမှာ "

"သွားလေ သားရဲ့ ၊ မဏ္ဍပ်ကဘယ်မှာ ဆောက်မှာ လဲ ... ဖေဖေတို့ အိမ်ရှေ့မှာ လား ..."

" မဟုတ်ဘူး ဖေဖေ၊ ၁လမ်းထိပ်မှာ ပဲ ဆောက်မှာ ၊ ဒါမှ တစ်လမ်းလုံးနဲ့ ဆိုင်တဲ့ မဏ္ဍပ်ကြီးဖြစ်မှာ ပေ့ါ ဖေဖေရ ..."

"ကောင်းပါပြီဗျာ ... ကောင်းပါပြီ"

ဝမ်းသာအားရ ထွက်သွားသော သားကိုကြည့်ပြီး ဦးမြတ်ဇင်ခေါင်း

တညိတ်ညိတ်နဲ့ ကျန်ခဲ့၏။

"အမေကြီးရေ ... တစ်ခုခုတော့ မှားနေပြီထင်တယ်ကွ"

ဦးမြတ်ဇင်ပြောသော စကားကိုဒေါ်မြသင်က ပြန်မဖြေပါ။ သူ ဦးမြတ်ဇင်အပေါ် စိတ်ကောက်မပြေသေး ဆိုတာကို ပြချင်၊ ထင်ရှားစေချင်၍ ဖြစ်ပါသည် ။

"အရင်နှစ်သင်္ကြန်တွေတုန်းက အိမ်မှာ ... မျက်စေ့အောက်မှာ ပဲနေဖို့ ဘယ်လိုပြောပြောမရတဲ့ ကောင်က ဒီနှစ် အိမ်က မခွာဘဲ မုန့်လုံးရေပေါ်ကျွေးမယ်ဆိုတော့ သိပ်မရိုးဘူး ထင်တယ်ကွာ"

"ဒါတော့ လူဆိုတာ အသက်တစ်နှစ်ကြီးသွားရင် အတွေးအခေါ်ပြောင်းသွားမယ်။ ရင့်ကျက်သွားမယ် ဒါသဘာဝပဲ မဟုတ်လား၊ ရှင့်သားလည်း ဒီလိုပဲနေမှာ ပေ့ါ"

"မဟုတ်သေးဘူးကွ ၊ ငါ့သားရဲ့ မုန့်လုံးရေပေါ်က ထူးကိုထူးခြားရမယ်လို့ ငါထင်တယ်ကွာ။ ဒီမုန့်လုံးရေပေါ်နောက်မှာ လျှို့ဝှက်ချက်တစ်ခုတော့ ရှိကိုရှိရမယ် ..."

တက်တက်ကြွကြွကြီးကို အားရပါးရပြောနေသော ဦးမြတ်ဇင်ကို မျက်စောင်းထိုးရင်း ...

"အင်း သားကပဲထူးတာလား၊ အဖေကပဲ ရူးတာလားတော့ မသိဘူး၊ ဒါမှ မဟုတ် ၂ခုစလုံးပဲလားတော့လည်း မသိဘူး"

"အမေကြီးကလည်း ကွာ မင်းအပျိုတုန်းက မုန့်လုံးရေပေါ်မဏ္ဍပ်မှာ ငါရေ လာလောင်းတာ မှတ်မိသေးရဲ့ လား"

"ဒီအသက်အရွယ်ရောက်မှ ယိုးဒယားပတ်ပျိုး ပြန်ပျိုးမနေနဲ့ ၊ ဒီက ဒဿဂီရိဗိန်းဘောင်းဝင်ချင်နေတာ သိရဲ့ လား"

ဒေါ်မြသင်က ဒေါသနှင့် ခြေကိုဆောင့်ရင်း အိပ်ခန်းထဲဝင်သွားတော့မှ ဦးမြတ်ဇင် ပြုံးပြုံးကြီးလုပ်ရင်း စိတ်ထဲက ဒီမုန့်လုံးရေပေါ်သည် ထူးခြားနေကြောင်းကို စဉ်းစားနေသည်။

ဘာပဲဖြစ်ဖြစ် ထိုထူးခြားသော မုန့်လုံးရေပေါ်သည် သူ့သားကို သူ့မျက်စေ့အောက်မှာ ပဲ ရှိစေသည့်အတွက် ကျေးဇူးတင်ရပါသည်။

"မုန့်လုံးရေပေါ် ... ဒါ ... ထူးဆန်းတယ်"

***